ကန့်သတ်

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ (၁၇.၂.၂၀၂၀)ရက်နေ့တွင် ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း တင်သွင်းသည့် အဆိုဆိုင်ရာဆောင်ရွက်ချက်များ**

**ဥက္ကဋ္ဌ။** ယခုအစီအစဉ် (၁၀) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ပလပ်စတစ်အိတ်သုံးစွဲခြင်းကို လျှော့ချရေးအတွက် ပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်နှင့် ပလပ်စတစ်အိတ်သုံးစွဲမှု ကင်းမဲ့ဇုန်များကို စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက် ပေးရန် တိုက်တွန်းကြောင်း"** အဆိုဖြစ်ပါတယ်။ ယခု ဦးညီညီ(ခ) ဦးညီလေးချမ်းက အဆိုတင်သွင်း ဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါ တယ်။ ကျွန်တော်တင်သွင်းမည့်အဆိုကတော့ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ပလပ်စတစ်အိတ်များကို သုံးစွဲမှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာလျက်ရှိပါတယ်။ ထို့အပြင် ပလပ်စတစ်များကို မီးရှို့ဖျက်ဆီးပါကလည်း လေထု ညစ်ညမ်းမှုဖြစ်ပေါ်စေပါတယ်။ မြစ်ချောင်း၊ အင်း၊ အိုင်များတွင် ပလပ်စတစ်အိတ်ခွံများကြောင့် ရေနေသတ္တဝါများ သေဆုံးမှုများကို ဖြစ်ပေါ်စေပါတယ်။

သို့ဖြစ်ပါ၍ ပလပ်စတစ်အိတ်သုံးစွဲမှုကို လျှော့ချရေးအတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်နှင့် ပလပ်စတစ်အိတ်သုံးစွဲမှု ကင်းမဲ့ဇုန်များကို စီမံချက်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်တို့ကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ဖြစ်ပါတယ်။

**ဦးမောင်ညို၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့သူများအားလုံး မင်္ဂလာပါ

ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုိ ဖြစ်ပါတယ်။ **“ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ပလပ်စတစ်အိတ်သုံးစွဲခြင်းကို လျော့ချရေးအတွက် ပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်နှင့် ပလပ်စတစ်အိတ်သုံးစွဲမှု ကင်းမဲ့ဇုန်များကို စီမံချက်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း”** ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ အဆိုကို ထောက်ခံအပ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးညီညီ(ခ) ဦးညီလေးချမ်း တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိသည့်အတွက် ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ဦးညီညီ(ခ) ဦးညီလေးချမ်းက တင်သွင်းတဲ့ အဆိုကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် (အင်္ဂါနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့

ညနေ(၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁၈.၂.၂၀၂၀)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ဦးညီညီ(ခ) ဦးညီလေးချမ်း ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ပလပ်စတစ်အိတ်သုံးစွဲခြင်းကို လျှော့ချရေးအတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်နှင့် ပလပ်စတစ်အိတ်သုံးစွဲမှု ကင်းမဲ့ဇုန်များကို စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးဖို့ အမည် စာရင်းပေးထားပါတယ်။ ပထမဦးစွာ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော် က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် ဖြစ်ပြီးတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဦးညီညီ (ခ) ဦးညီလေးချမ်းက **"ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ပလပ်စတစ်အိတ်သုံးစွဲခြင်း ကို လျှော့ချရေးအတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် နှင့် ပလပ်စတစ်အိတ်သုံးစွဲမှု ကင်းမဲ့ဇုန်များကို စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်း ကြောင်း"** အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလပ်စတစ်တိုးမြင့်သုံးစွဲမှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မြေဆီလွှာထိခိုက်ပျက်စီးခြင်း၊ ရေထွက်များခန်းခြောက်ခြင်း၊ သစ်တောသစ်ပင်ဖွံ့ဖြိုးမှုအတွက် အနှောင့်အယှက်ပေးခြင်းတို့ကြောင့် ရာသီဥတုများ ထိခိုက် ပျက်စီးပြီး ကမ္ဘာ့အိုဇုန်းလွှာပျက်စီးနိုင်သည်အထိ သက်ရောက်မှုရှိကြောင်းကို ပညာရှင်

များ၏ တွေ့ရှိချက်အရ သိရှိရပါတယ်။ ပလပ်စတစ်အိတ်သည် မြေဆီလွှာထဲတွင် အလွယ်တကူ မပျက်စီးဘဲ နှစ်ပေါင်းများစွာကြာမြင့်သည်အထိ ကမ္ဘာ့မြေထုအား ဆိုးကျိုးပေး နိုင်ပါတယ်။ ပလပ်စတစ် သည်ရေတွင်လည်း မပျော်ဝင်၊ မြေကြီးတွင်လည်း အလွယ်တကူ မဆွေးမြေ့ မီးရှို့ရင်လဲ လေထဲမှာ အဆိပ်အတောက်ဖြစ်ကာ လူသားများကို ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များသာ ပေးနိုင်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးက ပလပ်စတစ်ကို ပုံစံအမျိုးမျိုး ဖြင့် လူ့အသုံးအဆောင်များအတွက် ထုတ်လုပ်သုံးစွဲနိုင်ကြသော်လည်း ၎င်းတို့ကို သုံးစွဲစွန့်ပစ်ပြီးပါက ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ဖျက်ဆီးရန် နည်းလမ်းတော့ ယနေ့အထိ တွေ့ရှိခြင်းမရှိသေးပါဘူး။ ယခုအခါလူသားများဟာ ပလတ်စတစ်ကို အလွန်အကျွံ သုံးစွဲစွန့်ပစ်လာခြင်းကြောင့် တစ်ကမ္ဘာလုံး ပလပ်စတစ်အိတ် သုံးစွဲမှုဟာ တစ်စက္ကန့်လျှင် အိတ်ပေါင်း (၁၆၀၀၀၀) ခန့်သုံးစွဲလျက်ရှိကြောင်း ပညာရှင်များက တွေ့ရှိထားပါတယ်။ ရာသီဥတုဆိုးရွားမှုများ ဖြစ်ကြသည့် ရာသီဥတုဖောက်ပြန်ခြင်း၊ ရေကြီး ရေလျှံမှုများဖြစ်ခြင်း သည် သစ်တောသစ်ပင် ဆုံးရှုံးခြင်းများထက် ပလပ်စတစ်၏ ပယောဂကြောင့် ဖြစ်ရတာကို လည်း သတိချပ်သင့်ပါတယ်။ လူသားများဟာ ပလပ်စတစ်ကို သုံးစွဲပြီးပါက အလွယ်တကူ စွန့်ပစ်တတ်ကြပါတယ်။ မိမိတို့ အိမ်ရှေ့ရေမြောင်းများမှတစ်ဆင့် ချောင်းများသို့ စီးဆင်းခြင်း၊ ချောင်းများမှမြစ်များသို့ စီးဆင်းခြင်းနှင့် မြစ်များမှပင်လယ်အထိ ပလပ်စတစ်များကို သယ်ဆောင်သွားကြပါတယ်။ ထို့ကြောင့် ပင်လယ်ထဲရှိရေနေသတ္တဝါ အရေအတွက်ထက် ပလပ်စတစ်အရေအတွက်က ပိုမိုများပြားလာကြောင်း သုတေသနပညာရှင်များက ဖော်ပြ လျက်ရှိပါတယ်။ Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါခင်ဗျား။ ပင်လယ်အထိ ပလပ်စတစ် များစုပုံနေတဲ့ပုံ ဖြစ်ပါတယ်။ ပင်လယ်ရေအောက်ကြမ်းပြင်အထိ ပလပ်စတစ်တွေ ပျက်စီးခြင်း မရှိဘဲ စုပုံနေတဲ့ပုံဖြစ်ပါတယ်။ ပင်လယ်ရေသတ္တဝါများ၊ ကုန်းနေသတ္တဝါများ ပလပ်စတစ်ကို စားသုံးမိပြီး သေကျေပျက်စီးနေတဲ့ပုံ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လူအတော်များများဟာ ပလပ်စတစ်ကို အလွယ်တကူ ယူသုံးနေကြသော်လည်း ပလပ်စတစ်ရဲ့ဆိုးကျိုးကို သတိမမူဂရုမပြုမိကြဘဲဖြစ်နေသည့်အတွက် သုံးစွဲမှုများသည် လျော့ကျမသွားဘဲ တိုးတက်များပြားလျက်သာရှိပါတယ်။ မြန်မာနိုင်ငံတွင် လည်း ပလပ်စတစ်အိတ်သုံးစွဲမှုတိုးမြင့်လာခြင်းမှာလည်း တစ်ရက်ထက်တစ်ရက် ပိုမိုတိုးတက်များပြား လာတာကိုတွေ့ရှိရပါတယ်။ ပလပ်စတစ်ဘူးများထုတ်လုပ်တဲ့အခါ ကြည်လင်တဲ့ အရည်အသွေး ရအောင် Bisphenol-A ဆိုတဲ့ Chemical ကိုအသုံးပြုကြပါတယ်။

၎င်း Chemical ကြောင့် လူသားများကို ကင်ဆာရောဂါ၊ အာရုံကြောဆိုင်ရာရောဂါ၊ သန္ဓေသားဆိုင်ရာပြဿနာ၊ ခန္ဓာကိုယ်ကြီးထွားမှုနှုန်းဆိုင်ရာပြဿနာ စတဲ့အခြေအနေတွေ ဖြစ်ပေါ်စေပါတယ်။ ရေနေ သတ္တဝါများအပေါ် ထိခိုက်မှုများဆိုလျှင်လည်း နှစ်စဉ်ရေနေ သတ္တဝါ တစ်သိန်း ခန့်ဟာ ပလပ်စတစ်အစိတ်အပိုင်းများကိုစားမိလို့ သေကျေပျက်စီးလျက်ရှိပါ တယ်။ ယခုဆိုလျှင် ပလပ်စတစ်အိတ်စွန့်ပစ်မှု ရေသန့်ဘူးခွံစွန့်ပစ်မှုများဟာ နေရာတိုင်းမှာ လက်ညှိုးထိုး မလွဲရှိ နေကြပါပြီ။ နှစ်စဉ် ဇွန်လ(၅)ရက်နေ့ရောက်တိုင်း အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နေ့အဖြစ်သတ်မှတ်ပြီး လူမှုအဖွဲ့အစည်းအသီးသီးက ပလပ်စတစ် သုံးစွဲမှု လျှော့ချရေး လှုပ်ရှားမှုများကို ပြုလုပ်လျက်ရှိပါတယ်။ လုပ်ငန်းစဉ်တွေအနေနဲ့ကတော့ Refuse ငြင်းပယ်ခြင်း၊ Reduce လျှော့ချသုံးစွဲခြင်းနှင့် Reuse နဲ့ Recycle ပြန်လည် အသုံးပြုခြင်းတို့ပဲ ဖြစ်ကြပါတယ်။ မြန်မာနိုင်ငံ ပဲခူးတိုင်းဒေသကြီး ပြည်နည်းပညာတက္ကသိုလ် မှာရှိတဲ့ ကျောင်းသားသမဂ္ဂများ ကတော့ ယခု ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့ က ပလပ်စတစ်လျှော့ချသုံးစွဲဖို့ အောက်ပါ အတိုင်း Campaign များကို ပြုလုပ်ခဲ့ကြပါတယ်။

တက္ကသိုလ်ကျောင်းများရဲ့ ပရဟိတအဖွဲ့အစည်းများကလည်း အသုံးပြုလို့ရတဲ့ ပလပ် စတစ်ပစ္စည်းများနှင့် လက်ဆောင်ကတ်များလဲလှယ်ခြင်း၊ ၎င်းပလပ်စတစ်များကိုပြန်လည် ရောင်းချရငွေများနှင့် လမ်းပျော်ကလေးများကို ကျွေးမွေးစောင့်ရှောက်ခြင်းလုပ်ငန်းများကို လူငယ် လူရွယ်များက အားကြိုးမာန်တက် ဝိုင်းဝန်းဆောင်ရွက်နေကြတာကိုလည်း တွေ့ရှိရပါ တယ်။ ပြန်လည်အသုံးပြုလို့ရတဲ့ ပလပ်စတစ်နဲ့ လက်ဆောင်ကတ်လဲလှယ်ခြင်း ဆောင်ရွက် နေတဲ့ပုံများ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမှန်တကယ်တော့ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ အမှိုက်ဆိုတာမရှိပါဘူး။ မိမိတို့စွန့်ပစ်လိုက်တဲ့ ပစ္စည်းတွေကိုကောင်းကောင်း အသုံးမချမိလို့သာ အမှိုက်ဆိုတာဖြစ်ပေါ်လာခြင်းဖြစ်ပါတယ်။ စွန့်ပစ်လိုက်တဲ့ပစ္စည်းတွေကို သေချာ ခွဲခြမ်းစိတ်ဖြာကြည့်မယ်ဆိုရင် (၂)မျိုး(၂)စားသာတွေ့ရှိရပါတယ်။

(၁) Recycle material လို့ခေါ်တဲ့ ပလပ်စတစ်၊ သံထည်၊ ဖန်ထည်နှင့် စက္ကူနဲ့ သတ္တုများဟာ ပြန်လည်အသုံးပြု၍ရသော ပစ္စည်းများသာဖြစ်ကြပါ တယ်။

(၂) Rot material ခေါ်သည့် ဆွေးမြေ့လွယ်တဲ့ပစ္စည်းဖြစ်တဲ့ စားသောက် ကုန်နဲ့အဝတ်အထည်များသာဖြစ်ကြပါတယ်။

ပြန်လည်အသုံးပြုလို့ရတဲ့ စက်ရုံတွေဖြစ်တဲ့ Recycle factory တွေသာ ပေါ်ပေါက်လာမယ်ဆိုရင်တော့ အမှိုက်ပစ်ခြင်းကို စနစ်တကျစွန့်ပစ်တတ်ရုံနဲ့ ကျွန်တော်တို့ ပတ်ဝန်းကျင်ကိုကာကွယ်နိုင်မှာဖြစ်ပါတယ်။ လူအများသွားလာတတ်သည့် အချို့နေရာများတွင် အမှိုက်များကို အမျိုးအစားခွဲခြားစွန့်ပစ်နိုင်သည့် အမှိုက်ပုံး(၃)မျိုးခန့်ပူးတွဲ ထားရှိပေးသည်ကိုလည်း တွေ့ရှိရ ပါတယ်။ တစ်ရှူးနှင့်စက္ကူများစွန့်ပစ်ရန်(၁)ပုံး၊ ပလပ်စတစ်များစွန့်ပစ်ရန်(၁)ပုံးနှင့် ဖန်ပုလင်း၊ သတ္တုဗူးခွံများ စွန့်ပစ်ရန်ဟူ၍ ခွဲခြားအသုံးပြုလျက်ရှိနေတာကို တွေ့ရှိရသည့်အတွက် အဆိုပါ စွန့်ပစ်ခြင်းစနစ်မျိုးကို လူအများစည်ကားရာနေရာများတွင် များများအသုံးပြုပေးစေလိုကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ပလပ်စတစ်များ အလွန်အကျွံသုံးစွဲ၍ စည်းကမ်းမဲ့ စွန့်ပစ်မှုများ ကြောင့် ပြီးခဲ့သည့်နှစ် ရှမ်းပြည်နယ်မြို့တော် တောင်ကြီးတွင် ရေမြောင်းများအတွင်း ရေစီးဆင်းမှု များပိတ်ဆို့ကာ ရေကြီးရေလျှံမှုများကို နှစ်စဉ်ကြုံတွေ့ရလျက်ရှိပါတယ်။ အထက်ပါအဖြစ်အပျက် များကို သုံးသပ်ခြင်းအားဖြင့် ပလပ်စတစ်လျှော့ချသုံးစွဲခြင်းအပါအဝင် စနစ်တကျ စွန့်ပစ်ရန် အတွက်ပါ ပညာပေးအစီအစဉ်များ ဆောင်ရွက်ရန်လိုအပ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံရှိ ဈေးဝယ်စင်တာများတွင် ယခုအခါ ပလပ်စတစ်အစား ငှက်ပျောဖက်များ အသုံးပြု၍ ထုပ်ပိုးခြင်းဖြင့် ပလပ်စတစ်အသုံးပြုမှုလျှော့ချရေးကို ဆောင်ရွက်နေကြောင်း တွေ့ရှိရ ပါတယ်။

မြန်မာနိုင်ငံမှာလည်း ရှေးယခင်ကတည်းက ဈေးဝယ်ရာတွင်အသုံးပြုသည့် အင်ဖက်၊ ငှက်ပျောရွက်၊ ပိန်းရွက်တို့ကို ပြန်လည်အသုံးပြုဖို့တိုက်တွန်းသင့်ပါတယ်။ ပလပ်စတစ်အိတ်လျှော့ချသုံးစွဲရေးအတွက် ပညာပေးအစီအစဉ်များကို စည်ပင်သာယာရေးဌာန သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ နှစ်စဉ်ဘတ်ဂျက်များလျာထားပြီး ဟောပြောပွဲများပြုလုပ်ခြင်း၊ မြို့လယ် LED Board သို့မဟုတ် ကြော်ငြာဆိုင်းဘုတ်ကြီးများတွင် Shortcut photo များဖြင့် သရုပ်ပြ၍စည်းရုံးခြင်း၊ လမ်းမကြီးတွင်သာမက ရပ်ကွက်လမ်းသွယ်များတွင်လည်း အမှိုက်ပုံးများကို ဘတ်ဂျတ်လျာထား၍ ထားရှိပေးခြင်း၊ ကျေးရွာများအထိ ပလပ်စတစ်လျှော့ချသုံးစွဲခြင်းများကို Pamphlet များဖြန့်ဝေခြင်း၊ အမှိုက်ပုံးများ အခမဲ့ပေးအပ်ခြင်း၊ ဈေးရောင်းချသူ ဈေးသည်အများစုအား ပလပ်စတစ်ထုပ်ပိုးမှုအား လျှော့ချ၍ အခြားနည်းအသုံးပြုကာ ထုပ်ပိုးစေခြင်း၊ စူပါမားကက်၊ မီနီမားကက်များတွင် ဈေးဝယ်သူများအား ဈေးသည်များက အခြားလက်ဆောင်များ ပြန်လည်ပေးအပ်ခြင်းထက် ပြန်လည်အသုံးပြုလို့ရသည့် ချည်သားအိတ်များ လက်ဆောင်ပေးရန် တိုက်တွန်းစည်းရုံးခြင်း၊ ပလပ်စတစ်

ကင်းမဲ့ဇုန်အဖြစ် စာသင်ကျောင်းများတွင် ကနဦး အကောင်အထည်ဖော် ဆောင်ရွက်ပါက အောင်မြင်နိုင်ကြောင်း အကြံပြုရင်း ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီလေးချမ်း၏ အဆိုအား ထောက်ခံ ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝဏ္ဏစိုးက အဆိုကိုဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းဂါရဝပြုနှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ **“ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ပလပ်စတစ်အိတ်သုံးစွဲခြင်းကို လျော့ချရေးအတွက် ပညာပေးဟောပြောပွဲများပြုလုပ်ပေးရန်နှင့် ပလပ်စတစ်အိတ်သုံးစွဲမှုကင်းမဲ့ဇုန်များကို စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း”** အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ဆွေးနွေးတင်ပြချက်ကို Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးများလည်း ဗဟုသုတရအောင် ပလပ်စတစ်နဲ့ပတ်သက်တဲ့ အကြောင်းအရာလေး အနည်းငယ်တင်ပြပါရစေ။ ပလပ်စတစ်နှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုပေါ့။ ပလပ်စတစ်ဆိုတာဘာလဲ။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ တစ်ခုမေတ္တာရပ်ခံချင်တာကတော့ တစ်ချို့ Power Point Slide တွေဟာ အင်္ဂလိပ်လိုဖြစ်တဲ့အတွက် တတ်နိုင်သရွေ့ မြန်မာလိုဘာသာပြန်တင်ပြသွားမှာ ဖြစ်ပါတယ်။ ပလပ်စတစ်ဆိုတာ ဂရိစကားဖြစ်ပြီး Plastikos ဆိုတဲ့ စကားကနေ ဆင်းသက်လာတာဖြစ်ပြီးတော့ အဓိပ္ပာယ်ကတော့ အလွယ်တကူ ပုံသဏ္ဌာန်ပြောင်းလို့ရတယ်ဆိုတဲ့ ပစ္စည်းတစ်ခုဖြစ်ပါတယ်။ ပလပ်စတစ်ဆိုတာ Organic Polymers ပစ္စည်းတစ်ခုဖြစ်ပြီးတော့ အခြားဓာတုပစ္စည်းများ

လည်း ပေါင်းစပ်ပါဝင်ထားတယ်ဆိုတာသိရပါတယ်။ ပလပ်စတစ်ဟာ ရေနံဓာတုပစ္စည်းမှ လူဖန်တီး ထားတဲ့ပစ္စည်းဖြစ်ပါတယ်။ ပလပ်စတစ်ကို နေရာတကာမှာ တွေ့ရမှာဖြစ်ပါတယ်။ အိမ်တွေမှာ တွေ့ရမယ်။ ကျောင်းတွေမှာတွေ့ရမယ်။ အလုပ်တွေမှာတွေ့ရမယ်။ ကစားကွင်း တွေမှာတွေ့ ရမယ်။ ပန်းခြံတွေမှာတွေ့ရမယ်။ ပင်လယ်ကမ်းစပ်တွေမှာ ရှိနေမှာဖြစ်ပါတယ်။ အရေးကြီးဆုံး တစ်ခု ကျွန်တော်တင်ပြချင်တာကတော့ Plastic does not bio-degrade သိပ်အရေးကြီးပါတယ်။ ပလပ်စတစ်ဟာ ဘက်တီးရီးယားပိုးမွှားများက မဖျက်ဆီးပစ်နိုင်သော ကမ္ဘာ့မြေပြင်မှာ နှစ်ရာထောင်ချီနေနိုင်တဲ့ပစ္စည်း ဖြစ်ပါတယ်။ ပလပ်စတစ်ဟာ အဆိပ်သင့် စေတဲ့ဓာတု ပစ္စည်းများပါဝင်သော ကမ္ဘာ့မြေပြင် ရေထု၊ လေထုကို ညစ်ညမ်းစေတဲ့အရာ ဖြစ်ပါတယ်။ ပလပ်စတစ်သည် သဘာဝပတ်ဝန်းကျင်ကို ထုတ်လုပ်နေစဉ်ရော စွန့်ပစ်ပြီးရော ကြီးမားစွာသော ဆိုးကျိုးကို ဖြစ်စေပါတယ်။ ပလပ်စတစ်ဟာ နှစ်ငါးရာ၊ နှစ်တစ်ထောင် တိုင်အောင် ကမ္ဘာမြေမှာ ပျက်စီးပျော်ဝင် ပျောက်ကွယ်သွားခြင်း မရှိဘူးဆိုတာသိရှိရပါတယ်။ ဒါကတော့ ပလပ်စတစ်နဲ့ ထုတ်လုပ်တဲ့ပစ္စည်းပေါ့နော်။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ ပလပ်စတစ်ဖြင့် ထုတ်လုပ်တဲ့ ပစ္စည်းတွေ မျိုးစုံရှိပါတယ်။ ပြထားတဲ့ပုံကတော့ ရာခိုင်နှုန်းနဲ့ တင်ပြထားတာဖြစ်ပါတယ်။ ဒါကတော့ Plastic Bags၊ Plastic Coatings၊ Plastic Furniture၊ Plastic Sheets၊ Plastic Fittings၊ Plastic Tanks၊ Plastic Toys၊ Plastic Buckets တွေနဲ့ Plastic Sanitaryware ဆိုတာက ရေအိမ်သုံးပိုက်တွေဖြစ်ပြီး Plastic Stationery ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ နေရာအနှံ့ ရှိနေပါတယ်။ ဒါဆို ဘာလို့ ပလပ်စတစ်ကို သုံးကြ တာလဲ။ ပလပ်စတစ်ကို ဘာလို့သုံးလဲဆို ပလပ်စတစ်က ဈေးနှုန်းသက်သာခြင်း၊ ခေါက်လွယ် ချိုးလွယ်ခြင်း၊ ပေါ့ပါးခြင်း၊ ရေစိုခံခြင်း၊ ထုတ်လုပ်ရန်လွယ်ကူခြင်း၊ ဘက်စုံအသုံးပြုနိုင်ခြင်း တို့ကြောင့် အသုံးပြုနေကြတာဖြစ်ပါတယ်။ Why should we avoid using plastics? ပလပ်စတစ်အသုံးပြုခြင်းကို ဘာဖြစ်လို့ ငါတို့ ရှောင်ကြဉ်ကြမလဲဆိုတာ ပလပ်စတစ်နှင့် ပတ်သက်ပြီးတော့ ဓာတုပစ္စည်း(၆)မျိုးရဲ့ အမျိုးအစားတွေပါ။ Polypropylene၊ Polystyrene၊ High impact polystyrene၊ Acrylonitrile butadiene styrene၊ Polyethylene terephthalate၊ Polyester ဆိုတဲ့(၆)မျိုးကနေပြီးတော့ ပလပ်စတစ်ပစ္စည်းမျိုးစုံကို ထုတ်လုပ် နေတာဖြစ်ပါတယ်။ ပလပ်စတစ်သည် လေထဲတွင် လောင်ကျွမ်းသွားသောအခါ လေထုတွင် အဆိပ်အတောက် အများဆုံးဖြစ်နိုင်သော Dioxin အပါအဝင် အဆိပ်အတောက်ဖြစ်စေ နိုင်သော ဓာတုပစ္စည်းများစွာကို လေထဲသို့ ထုတ်လွှတ် ပါတယ်။ လူသားတို့ဘဝအပေါ် ပလပ်

စတစ်အကျိုးသက်ရောက်မှု ပလပ်စတစ်သည် ထုတ်လုပ်မှု အဆင့်မှစတင်၍ လူသားတို့အား အန္တရာယ်ပြုတယ်။ ထုတ်လုပ်မှုတွင် အဓိကအသုံးပြုသော ဓာတုပစ္စည်းများသည် အဆိပ်အတောက်ဖြစ်စေပြီး ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါများကို ကြီးမားသော ခြိမ်းခြောက်မှု ဖြစ်စေပါ တယ်။ ပလပ်စတစ်တွင်ပါဝင်သော Benzene ကဲ့သို့သော ဓာတ်များသည် ကင်ဆာရောဂါ ဖြစ်စေပါတယ်။ ပလပ်စတစ်ကို အသုံးပြုခြင်းသည် အန္တရာယ်တစ်ခုကို ရှာဖွေသကဲ့သို့ ပြန်လည်အသုံးပြုရာတွင် အန္တရာယ်တစ်ခုကို ဖန်တီးသည်နှင့် တူပါတယ်။ Recycle ပြုလုပ်ခြင်းကြောင့် ထုတ်လွှတ်သော Hydrocarbon ဓာတ်များကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများကို ဖြစ်ပေါ်စေပါတယ်။ အဆိုရှင်တင်ပြသည့် မြစ်ချောင်းအင်းအိုင်များတွင် ပလပ်စတစ်အိတ်ခွံများကြောင့် ရေနေသတ္တဝါများသေဆုံးမှုနဲ့ ပတ်သက်ပြီး တင်ပြထားတဲ့ Slide ဖြစ်ပါတယ်။ အစားအစာထဲမှာ ဘယ်လိုပလပ်စတစ် သံသရာလည်လည်းဆိုတာ ငါးတွေက ပလပ်စတစ်အဆိပ်အတောက်ကို စားမိခြင်းအားဖြင့် ဒီငါးတွေကို ကျွန်တော်တို့ ပြန်စားရင်  လူသားတွေက အဆိပ်အတောက် ခံစားရတယ်လို့ ဖော်ပြထားပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ကြုံလို့တစ်ခုတင်ပြပါရစေ။ ကျွန်တော်တို့ အများအားဖြင့် အစားအသောက် တွေကိုဝယ်တဲ့အခါမှာ ကျွန်တော်တို့ ပလပ်စတစ်နှင့် ကျွတ်ကျွတ်အိတ်တွေနဲ့ ထုပ်ကြပါတယ်။ ပလပ်စတစ်အိတ်၊ ကျွတ်ကျွတ်အိတ်နဲ့ မုန့်ဟင်းခါး ဟင်းရည်တွေထုတ်တယ်။ ကော်ဖီ၊ လက်ဖက်ရည်တွေထည့်တယ်။ ပူပူလောင်လောင်တွေ ထည့်တယ်။ ခေါက်ဆွဲကြော်၊ ထမင်း ကြော်တွေထည့်တယ်။ အပူနဲ့တွေ့တဲ့အခါမှာ ခုနပြောတဲ့ Benzene ဆိုတဲ့ဓာတ်၊ ကင်ဆာ ဖြစ်စေတဲ့ Carcinogenic ဓာတ်တွေ ထွက်လာတဲ့အတွက် ကင်ဆာကို ဝယ်စားသလိုဖြစ်နေတယ်။ ကမ္ဘာပေါ်မှာကြည့်လိုက်မယ်ဆို ကင်ဆာရောဂါနဲ့ ပတ်သက်ရင် မြန်မာနိုင်ငံက နံပါတ်ငါးချိတ်နေတဲ့အတွက် ဒီအစားအသောက်တွေ စားသောက်တဲ့ အခါမှာ ပလပ်စတစ် တွေနဲ့ထုပ်ပိုးခြင်းကို တတ်နိုင်သရွေ့ ရှောင်ပြီးတော့ ငယ်ငယ်တုန်းက အင်ဖက်နဲ့ထုပ်တာမျိုး၊ ချိုင့်လေးတွေနဲ့ မုန့်ဟင်းခါးသွား ဝယ်ပါတယ်။ ဒါပေမဲ့ ယခုအချိန်မှာတော့ ဒီပလပ်စတစ် တွေနဲ့ အပူတွေထုပ်စားခြင်းအားဖြင့် အပူမှတစ်ဆင့် ပလပ်စတစ်မှာရှိတဲ့ဓာတ်တွေ ထွက်လာပြီးတော့ ကင်ဆာဖြစ်နိုင်တဲ့ အလားအလာရှိတဲ့ အတွက် ဒီအလေ့အကျင့်ကိုလည်း ရှောင်ကြဖို့ ကိုယ်စားလှယ်တော်ကြီးများမှတစ်ဆင့် ပြည်သူလူထုကိုလည်း ပညာပေးပေးပါလို့ မေတ္တာ ရပ်ခံအပ်ပါတယ်။

ကျွန်တော်တို့ ပလပ်စတစ်ကို တီထွင်ခဲ့တယ်။ ပလပ်စတစ်ပေါ်မှာ မှီခိုခဲ့တယ်။ ကျွန်တော်တို့ ဘဝတွေဟာ ပလပ်စတစ်တွေထဲမှာ ပြန်ပြီးတော့ နစ်မွန်းခဲ့ပါပြီ။ ဒါကြောင့် ပလပ်စတစ်ကြောင့် မြေထု၊ ရေထု၊ လေထုညစ်ညမ်းမှုကို ထိုးနှက်ဖို့၊ ခြေမှုန်းဖို့ အချိန်တန်ပါပြီ။ ဒါကတော့ ပလပ်စတစ်အစားအသုံးပြုမည့် Alternatives ပစ္စည်းတွေ ဖြစ်ပါတယ်။ သစ်သားနဲ့ ဝါးနဲ့ ပြုလုပ်တဲ့ပစ္စည်းတွေ၊ ဖက်နဲ့ပြုလုပ်တဲ့ပစ္စည်းတွေ အများကြီးရှိပါတယ်။ ဒါတွေကို ပြန်လည်သုံးစွဲဖို့ လိုအပ်လာပါပြီ။

ပလပ်စတစ်သုံးစွဲမှုဟာ ရှမ်းပြည်နယ်တွင် ပိုပြီးမြင့်တက်လျက်ရှိသကဲ့သို့ စည်းစနစ်မရှိဘဲ အလွယ်တကူစွန့်ပစ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု များပြားလျက်ရှိပါတယ်။ အရှေ့တွင် တင်ပြခဲ့သလို ပလပ်စတစ်ဆွေးမြေ့ပျက်စီးစေရန် နှစ်ပေါင်း(၁၀)နှစ်မှ (၁၀၀၀)နှစ် အထိ ကြာမြင့်ပါတယ်။ ဆွေးမြေ့ပျက်စီးမှုကြာသကဲ့သို့ ပလပ်စတစ်မှ ထွက်သောဓာတ်ကြွင်းများသည်လည်း လူ၏ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်နိုင်ပါတယ်။

ဒါကတော့ ကျွန်တော့်အနေနဲ့ ပလပ်စတစ်ကို ထိန်းချုပ်ရန် ဖြေရှင်းနည်းလမ်းတွေ စဉ်းစားထားတာပါ။ အသိပညာပေးလှုပ်ရှားမှုတွေ၊ လမ်းဆုံလမ်းခွများတွင် Vinyl များ လမ်းဖြတ်နဖူးစီးစာတန်းများ ချိတ်ဆွဲ၍ အသိပညာပေးခြင်း၊ အဓိကစည်ပင်သာယာရေး ကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဦးခိုင်ညီညီကျော် တင်ပြသွားသလို စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ NGO များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒီနေရာမှာကြုံလို့ တစ်ခု လောက်တင်ပြပါရစေ။ NGOနဲ့ပူးပေါင်းဆောင်ရွက်တယ် ဆိုတဲ့နေရာမှာ လွန်ခဲ့တဲ့ နှစ်ရက်က ကျွန်တော် ညောင်ရွှေ- စံကားကို သွားပါတယ်။ အဲ့မှာ Community Base Tourism ဆိုတဲ့ ဖက်မှာ အီတလီနိုင်ငံခြားသူတစ်ဦး NGO တစ်ယောက်နဲ့တွေ့ပါတယ်။ သူ့ရဲ့ အကြံပြုချက်ကို ကြားနာခဲ့ရပါတယ်။ အခု ကျွန်တော်တို့ရှေ့မှာရှိတဲ့ ရေဘူးလေးတွေ အများကြီးချထားတာ နင်တို့ဘာအကြံအစည်နဲ့လုပ်ထားတာလဲလို့ မေးပါတယ်။ သူက ကျွန်တော်တို့ကို လက်ဆောင်ဘူးလေးတွေပေးပါတယ်။ တစ်ခါသုံးဗူးလေးတွေသုံးမည့်အစား၊သေးသေးလေးတွေအများကြီး လျှောက်ပြီးတော့သုံးမည့်အစား လေလွင့်ဆုံးရှုံးမှုတွေ အများကြီးဖြစ်မနေဘူးလားဆိုပြီး အကြံဉာဏ်ပေးပါတယ်။ အဲ့ဒီတော့ အချို့နေရာတွေမှာလည်း NGO တွေလုပ်နေပါတယ်။ Itchi တို့၊ ရွှေအင်းသူတို့၊ အင်းလေးနှင်းဆီတို့ ခုနက ဆရာခိုင်ညီညီကျော်ပြောသလိုပဲ

ပူးပေါင်းလုပ်ဆောင်ဖို့လိုပါတယ်။ အဓိကကတော့ လူတစ်ဦးချင်းစီ၏ တာဝန်ယူမှု၊ တာဝန်ခံမှု အသိစိတ်ဓာတ်များ ဖြစ်ပေါ်လာစေရန် နှိုးဆော်ပေးဖို့ လိုပါတယ်။

ဆက်လက်ပြီးတော့ တင်ပြလိုသည်မှာ ရှမ်းပြည်နယ်အစိုးရအနေဖြင့် မြို့နယ်(၁၂) မြို့နယ်မှာ Clean and Green City ဆောင်ရွက်ဖို့ မြို့နယ်ခရီးသွားလုပ်ငန်းမြှင့်တင်ရန် အတွက် ၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း(၇၀၀၀) လျာထားပြီးဖြစ်ပါသဖြင့် အဆိုရှင်တင်ပြသည့်အတိုင်း ပလပ်စတစ်သုံးစွဲမှု လျှော့ချရေးအတွက် ပညာပေးဟောပြော ပွဲများ ပြုလုပ်ပေးပါရန်၊ ရှမ်းပြည်နယ်အစိုးရကလည်း ပလပ်စတစ်ထုတ်လုပ်မှုများ ကန့်သတ် ပေးပါရန်နှင့် ပလပ်စတစ်အိတ်သုံးစွဲမှု ကင်းမဲ့ဇုန်များအဖြစ် Clean and Green City (၁၂)မြို့နယ်တွင် ရှေ့ပြေးစီမံကိန်းမြို့နယ်များအဖြစ် စီမံချက်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အဆိုရှင် ဦးညီလေးချမ်း၏ အဆိုကို လေးလေးနက်နက် ထောက်ခံရင်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမင်းမင်းသိန်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်း ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်း ဖြစ်ပါတယ်။

လေးစားရသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်( ၂ )မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ **“ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ပလပ်စတစ်အိတ်သုံးစွဲခြင်းကို လျှော့ချရေး အတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်နှင့် ပလပ်စတစ်အိတ်သုံးစွဲမှု ကင်းမဲ့ဇုန် များကို စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း”** အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါတွင် လူဦးရေတိုးတက်များပြားလာသည့်အတွက် နေထိုင်မှုပုံစံပြောင်းလဲလာခြင်းကိစ္စနှင့်အတူ လူတို့၏ စွန့်ပစ်အမှိုက်များသည် တစ်နှစ်ထက်တစ်နှစ်ပိုမိုမြင့်တက်လာပြီး အမှိုက်များတွင် ပလပ်စတစ်များအများဆုံးပါဝင်လာတာတွေ့ရှိရပါတယ်။ ထိုကဲ့သို့ ပလပ်စတစ်များ ပါဝင်လာသည့်အတွက်ကြောင့် ပင်လယ်သမုဒ္ဒရာများနှင့် အဏ္ဏဝါဂေဟစနစ်များအား ပျက်စီးစေပြီး လူသားတို့၏ကျန်းမာရေးကို ခြိမ်းခြောက်နေသည့် ကမ္ဘာပေါ်တွင် နှစ်စဉ်ပလပ်စတစ်အိတ် အလုံးရေ(၅၀၀) ဘီလီယံခန့် အသုံးပြုလျက်ရှိပြီး ပလပ်စတစ်တန်ချိန် (၈)သန်းခန့်သည် ပင်လယ်သမုဒ္ဒရာများအတွင်းသို့ ပျံ့နှံ့လျက်ရှိပါတယ်။ ကမ်းရိုးတန်းနိုင်ငံ (၁၉၂)နိုင်ငံမှ စွန့်ပစ်သောအမှိုက်များတွင် (၆၀ % မှ ၈၀%)ကြားသည် ပလပ်စတစ်များဖြစ်ပါတယ်။ ၎င်းအတွက် ယင်းပမာဏအတိုင်းဆက်လက်အသုံးပြုသွားပါက ၂၀၅၀ ပြည့်နှစ်တွင် ပင်လယ်သမုဒ္ဒရာများအတွင်းတွင် ရေနေသတ္တဝါများထက် ပလပ်စတစ်များပိုများလာနိုင်ကြောင်း သုတေသန စစ်တမ်းများအရတွေ့ရှိရပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပလပ်စတစ်သုံးစွဲမှုလျှော့ချနိုင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာအနေဖြင့် ဗြိတိန်နိုင်ငံတွင် ၂၀၂၅ ခုနှစ်တွင် ပလပ်စတစ် လျှော့ချရေးအစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို ကမ္ဘာကျော်ကုမ္ပဏီဖြစ်တဲ့ ကိုရိုနာကုမ္ပဏီလိုအပါအဝင် ကုမ္ပဏီပေါင်း (၄၂)ခုကပင် လက်မှတ်ရေးထိုးပြီး အကောင်အထည်ဖော်ဆောင်ရွက်နေတာလည်း ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံမှာဆိုရင်လည်း အားလုံးသိပြီးသားဖြစ်ပါတယ်။ ဟိုယခင်ကာလများဆီက ခရီးသွားလာတဲ့အခါမှာ တစ်ချို့သောကျေးရွာများ၊ တစ်ချို့သော မြို့နယ်များရဲ့ အဝင်ကိုရောက်ရှိလျှင်ကြက်ဆူခင်းများကို တွေ့ရှိရပြီး ယခုခေတ်ကာလမှာတော့ တစ်ချို့သော ကျေးရွာအဝင်များ၊ တစ်ချို့သော မြို့နယ်များရဲ့ အဝင်မှာ ပလပ်စတစ်အမှိုက်ပုံများကို အမြင်မလှစွာ တွေ့ရှိနေရပါတယ်။ ဥပမာအားဖြင့် ပြောမယ်ဆိုရင် ကျွန်တော်တို့ ရွာင်မှတက်လာတဲ့အခါမှာ အောင်ပန်းမြို့ အဝင်မှာ ပလပ်စတစ်ပုံကြီးကိုတွေ့ရသလို၊ အေးသာယာမှ တက်လာရင်လည်း တောင်ကြီးအတက် လမ်းဘေးချောင်းအတွင်းမှာ ပလပ်စတစ်များမြင်မကောင်းအောင် တွေ့ရှိနေရပါတယ်။ ၎င်းတွေ့ရှိချက်များသည် ဘာကြောင့်မို့ဖြစ်ပေါ်လာရတာလဲ။ ကျွန်တော့်အရှေ့မှာ လွှတ်တော် ကိုယ်စားလှယ်အသီးသီးမှ တင်ပြသွားခဲ့သလို ကမ္ဘာပေါ်မှာ ပလပ်စတစ်

ဆိုးကျိုးကြောင့် အန္တရာယ်များစွာဖြစ်ပေါ်လာနိုင်သလို ကမ္ဘာ့နိုင်ငံအသီးသီးကလည်း ပလပ်စတစ်သုံးစွဲမှုလျှော့ချ ရေးအစီအစဉ်တွေကိုဆောင်ရွက်သလို ကျွန်တော်တို့နိုင်ငံမှာလည်း တစ်ချို့သောပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှာ ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီလို ဆောင်ရွက်တဲ့နေရာမှာလည်း တစ်ချို့သော အရပ်ဘက်အဖွဲ့အစည်းများတောင် ဆောင်ရွက်ပြီးအောင်မြင်မှု ရရှိနေတာကလည်း အရှေ့မှာတင်ပြထားတဲ့ သာဓကတွေရှိပါတယ်။ အကြံပြုတင်ပြလိုတာကတော့ ရှမ်းပြည်နယ်အစိုးရအနေနဲ့ ပလပ်စတစ်ကင်းမဲ့ဇုန်များ သတ်မှတ်ပေးခြင်းဖြင့်သော်လည်းကောင်း၊ ပလပ်စတစ် ဆိုးကျိုးများကို အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်တဲ့အခါမှာ ပြည်သူလူထုနားလည် သဘောပေါက်အောင် ထဲထဲဝင်ဝင်ဆောင်ရွက်သင့်ကြောင့် ဆွေးနွေးအကြံပြုတင်ပြလိုပါတယ်။ ၎င်းပလပ်စတစ်သုံးစွဲမှုကြောင့်မို့လို့ ကမ္ဘာ့နိုင်ငံအသီးသီးမှာရော ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံမှာ ရှိတဲ့ အထင်ကရနေရာများကို နိုင်ငံတကာ ခရီးသွားဧည့်သည်တော်များ လာရောက်တဲ့အခါမှာ ရုပ်ဆိုးအကျည်းတန်စွာနဲ့ကဲ့ရဲ့ခြင်း ခံခဲ့ရပါတယ်။ အဲ့ဒီလိုအဖက်ဖက်က ဆိုးကျိုးတွေ ဖြစ်ပေါ် နေတဲ့ ပလပ်စတစ်အိတ်သုံးစွဲမှု လျှော့ချရေးနှင့် ပလပ်စတစ်ကင်းမဲ့ဇုန်များ တည်ဆောက်ရေး၊ သတ်မှတ်ပေးရေးအတွက်ကို ဆိုရင်တော့ ရှမ်းပြည်နယ်အစိုးရအနေနဲ့ ထဲထဲဝင်ဝင် ဆောင်ရွက် သင့်ပါတယ်။

သို့ပါသောကြောင့် ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ **"ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ပလပ်စတစ်အိတ်သုံးစွဲခြင်းကို လျှော့ချရေးအတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်နှင့်ပလပ်စတစ်အိတ်သုံးစွဲမှု ကင်းမဲ့ဇုန်များကို စီမံချက်များချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုကိုထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

### အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက အသီးသီး ထောက်ခံဆွေးနွေးသွားပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ(င)အရ သက်ဆိုင်ရာ ဝန်ကြီး ကနေပြီးတော့မှ ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ အဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးဖြေကြားသွားမှာဖြစ်ပါတယ်။ **“ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ပလပ်စတစ်အိတ်သုံးစွဲခြင်းကို လျှော့ချရေးအတွက် ပညာပေးဟောပြောပွဲများပြုလုပ်ပေးရန်နှင့် ပလပ်စတစ်အိတ်သုံးစွဲမှု ကင်းမဲ့ဇုန်များကို စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း ”** အဆိုနှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြန်လည်ဖြေကြား တင်ပြလိုပါတယ်-

တောင်ကြီးခရိုင်၊ မြို့နယ်အသီးသီးတို့တွင် ပလပ်စတစ် အမှိုက်ကင်းစင်ရေးဇုန်ဖြစ်မြောက်ရေးအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူငယ်ပရဟိတအဖွဲ့အစည်းများ၊ မြို့နယ်စည်ပင်သာယာရေးဌာနတို့နှင့် ပူးပေါင်း၍ ပလပ်စတစ်အစားထိုး ပစ္စည်းများဖြင့် သုံးစွဲစေရေး၊ အမှိုက်များစနစ်တကျ စွန့်ပစ်ရေးနှင့်ပတ်သက်၍ လစဉ်ဆွေးနွေးပညာပေးဟောပြောပွဲများပြုလုပ်ခဲ့ပြီး “ပလပ်စတစ်သုံးစွဲမှု လျှော့ချရေးမှသည် ပလပ်စတစ် သုံးစွဲမှုကင်းစင်ရေးဆီသို့” Vinyl များလည်း စိုက်ထူခဲ့ပါတယ်။

တောင်ကြီးမြို့နယ်တွင် ပလပ်စတစ်အိတ်သုံးစွဲခြင်းကို လျှော့ချရေးအတွက် စည်ပင်သာယာရေးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနတို့ပူးပေါင်း၍ စာသင်ကျောင်းများတွင် (၁၃)ကြိမ် ဟောပြောဆွေးနွေးခဲ့ပြီး ပလပ်စတစ်အမှိုက်ကင်းစင်ရေးအတွက် ရပ်ကွက်ပြည်သူများ၊ ကျောင်းသူ/ ကျောင်းသားများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပလပ်စတစ်အမှိုက်ကောက် Campaign များကို (၁၀)ကြိမ်ပြုလုပ်ခဲ့ပါတယ်။ ထို့အပြင် တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်အသီးသီးတွင် ပလပ်စတစ်အမှိုက်များ ကင်းစင်လျှော့ချရေးအတွက် ရပ်ကွက်အဓိကကျသော နေရာများတွင် အမှိုက်ပုံးများချထားပေးခြင်း၊ ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူလှုံ့ဆော်ဆောင်ရွက်ခြင်း၊ စာသင်ကျောင်းများအား အသိပညာပေးဟောပြောခြင်း၊ စာသင်ကျောင်းများတွင် အမှိုက်ပုံးများအသုံးပြုခြင်း၊ အပတ်စဉ် စုပေါင်းပလပ်စတစ် အမှိုက်ကောက်ခြင်း၊ စွန့်ပစ်ထားသည့် အမှိုက်များကို နည်းအောင်ထိန်းချုပ်ခြင်း၊ အသုံးပြုပြီးသည့် ပစ္စည်းများကို ပြန်လည်အသုံးပြုခြင်း၊ အသုံးပြုသည့် ပစ္စည်းများကို သံသရာလည်နေအောင်

ပြန်လည်အသုံးပြု၍ရအောင် အသုံးပြုဆောင်ရွက်ခြင်းတို့ကို ဘက်စုံထောင့်စုံမှ စီမံဆောင်ရွက်လျက်ရှိပါတယ်။

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် စွန့်ပစ်ပစ္စည်းနှင့် အမှိုက်များကို ပြန်လည်သန့်စင်ခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်းပြုလုပ်၍ Solid – Refuse – Fuel ( SRF ) အဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် ပြင်ပလုပ်ငန်းရှင် ရွှေပြည်စံကုမ္ပဏီလီမိတက်နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

အထူးသဖြင့် ကလောမြို့နယ်အနေဖြင့် One State One Township Project ၂၀၁၉ ခုနှစ်၊ မတ်လမှစတင်၍ အမှိုက်ကင်းစင်ရေးနှင့် မူးယစ်ကင်းစင်ရေးစီမံချက်ရေးဆွဲပြီး လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုများပါဝင်သော မြို့နယ်အဆင့်မှ ရပ် / ကျေးအဆင့်အထိ ကော်မတီများ ဖွဲ့စည်းကာ အမှိုက်ကင်းစင်ရေး နှင့်ပတ်သက်၍ ပြည်သူလူထု စကားဝိုင်းများကျင်းပပြုလုပ်ပြီး ပြည်သူလူထုမှ လိုအပ်ချက် များတင်ပြမှုအပေါ် ပြန်လည်ဖြေရှင်း ဆောင်ရွက်ပေးခြင်း၊ စာသင်ကျောင်းများ၌ အသိပညာပေး ဟောပြောပွဲများကျင်းပပြုလုပ်ခြင်း၊ ရပ်ကွက်/ကျေးရွာများသို့ အသိပညာပေး ဟောပြောပွဲ များပြုလုပ်နိုင်မှုမှာ အစီရင်ခံသည့်ကာလအထိ အကြိမ်ရေ(၅၀)အထိ ပြုလုပ်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ပလပ်စတစ်အိတ်သုံးစွဲခြင်းကို လျှော့ချရေးအတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်နှင့် ပလပ်စတစ်အိတ် သုံးစွဲမှုကင်းမဲ့ဇုန်များကို စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်နှင့် ပတ်သက်၍ ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကြီးကြပ်မှုလုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉) အား (၃၁-၇-၂၀၁၉) ရက်နေ့တွင် ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌လည်းကောင်း၊ ရှမ်းပြည်နယ်စက်မှုစီမံကိန်းများ၊ မြို့ပြနှင့်ရပ်ရွာများ၏ ပတ်ဝန်းကျင်နှင့်စွန့်ပစ်ပစ္စည်းများ စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၁၉)အား (၉-၉-၂၀၁၉)ရက်နေ့တွင် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၌ ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးတွင် ဆွေးနွေး ဆုံးဖြတ်ချက်များအရ ပလပ်စတစ် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ်(မူကြမ်း)အား ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန

တို့ ပူးပေါင်းရေးဆွဲခဲ့ပြီး တင်ပြထားပြီးဖြစ်ပါကြောင်း ပလပ်စတစ်အမှိုက်များ လျှော့ချရေးအတွက် လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေများအား ပြန်လည်ဖြေကြားအပ်ပါတယ်။ ၎င်းအဆိုအား အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို အတည်ပြုရန် သဘောတူတဲ့အတွက် အဆိုရှင်တင်သွင်းသောအဆိုကို အတည်ပြုရန် လွှတ်တော်ရဲ့ဆန္ဒရယူမှုမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဦးညီညီ(ခ) ဦးညီလေးချမ်းက တင်သွင်းတဲ့ အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အဆိုကိုအတည်ပြုကြောင်း ကြေညာပါတယ်။